လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

Ministry of Social Welfare, Relief and Resettlement

Office No. (23), Nay Pyi Taw

Monthly Newsletter သတင်းလွှာ July 2023


# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ ၂၀၂၃ခုနှစ် မြန်မာအမျိုးသမီးများနေ့အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ခြင်း




**၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့** **နေပြည်တော်**

၂၀၂၃ခုနှစ် မြန်မာအမျိုးသမီးများနေ့အခမ်းအနားကို ယနေ့နံနက် (၁၀:၀၀)နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင် နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှတက်ရောက်ချီးမြှင့်ခဲ့ပါသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင် နာယကများ ဖြစ်ကြသည့် ဒေါ်ခင်သက်ဌေး၊ ဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက် အတွင်းရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၏ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ၏ ဇနီးများ၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး

ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံတော် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးများ၏ ဇနီးများ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌနှင့် ဇနီး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ဇနီး၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ ဝန်ကြီးဌာနအသီးသီးမှ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်းနှင့် မြန်မာနိုင်ငံအမျိုးသမီးအားကစား အဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ဆုရရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ရှေးဦးစွာ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က Video Message ဖြင့် အဖွင့်မိန့်ခွန်း ပြောကြားခဲ့ပါသည်။



ဆက်လက်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးအခွင့်အရေးမြှင့်တင်ဖော်ဆောင်ရေးနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တုံ့ပြန်တားဆီး ကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (UNCEDAW) အပေါ် မြန်မာနိုင်ငံမှ ၁၉၉၇ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ခဲ့ပြီး အစီရင်ခံစာ တင်သွင်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ 2nd Draft အဆင့်သို့ ရောက်ရှိနေပြီဖြစ်ပါကြောင်း အာဆီယံဒေသတွင်း ဆောင်ရွက်ချက်များအဖြစ် ASEAN Ministerial Meeting on Women ကို ၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် ကျင်းပနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားခဲ့ပါသည်။



ဆက်လက်ပြီး အာဆီယံ အမျိုးသမီးကော်မတီ၊ အာဆီယံ အမျိုးသမီးနှင့်ကလေးသူငယ်အခွင့်အရေးများ မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး ကော်မရှင်အပါအဝင် အာဆီယံ လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးတို့တွင် ပါဝင်ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်း စီမံချက်များ အပေါ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊

အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက် ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) ရေးဆွဲ ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက် ဆောင်ရွက်ထားရှိမှုများနှင့် ကျားမအခြေပြုအကြမ်းဖက်မှုများကို တားဆီး ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာဆောင်ရွက်ချက်များ၊ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အကြိုလှုပ်ရှားမှု ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြခဲ့ပါသည်။



ထို့နောက် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို Video Clip ဖြင့် ပြသရာ တက်ရောက်လာသူများက ကြည့်ရှုအားပေးကြသည်။



ယင်းနောက် ကဏ္ဍအလိုက် ထူးချွန်အမျိုးသမီးများအား ဆုချီးမြှင့်ရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှက ထူးချွန်အမျိုးသမီး အရာရှိ (ကြည်း၊ ရေ၊ လေ) ၃ ဦးကို လည်းကောင်း၊ ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေးက ထူးချွန်အမျိုးသမီးရဲမေနှင့် ထူးချွန်ကြက်ခြေနီအမျိုးသမီးတို့ကို လည်းကောင်း၊ ဂုဏ်ထူးဆောင်နာယက ဒေါ်သန်းသန်းနွယ်က မသန်စွမ်း ထူးချွန်အမျိုးသမီးနှင့် အမျိုးသမီး အားကစားထူးချွန်တို့ကို လည်းကောင်း ဆုများပေးအပ် ချီးမြှင့်ကြသည်။



ဆက်လက်၍နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါ်ဒွဲဘူက၂၀၂၂-၂၀၂၃ ခု၊ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံး၌ အမှတ်အများဆုံးရရှိသည့် ကျောင်းသူအား ဆုများ ပေးအပ်ချီးမြှင့်ပါသည်။




ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသူများသည် စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံ ရိုက်ကူးကြပြီး အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပစ္စည်းများအား ကြည့်ရှုလေ့လာ အားပေးကြပြီး အခမ်းအနားကို နံနက် (၁၁:၄၅) နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ် ကြူကြူလှ မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရိုးရိုးယဉ်ယဉ် မြန်မာ့အသွင်၊ ရောင်စုံခြယ်သ မြန်မာအမျိုးသမီးများအလှ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲသို့ တက်ရောက်အားပေးခြင်း





**၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့ နေပြည်တော်**

ဇူလိုင်လ (၃) ရက်နေ့တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြု ကြိုဆိုသောအားဖြင့် ရိုးရိုးယဉ်ယဉ် မြန်မာ့အသွင်၊ ရောင်စုံခြယ်သ မြန်မာအမျိုးသမီးများ အလှ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲကို ယနေ့မွန်းလွဲ (၁၃:၀၀) နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန - ၂ ၌ ကျင်းပရာ မြန်မာ နိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ် ကြူကြူလှ တက်ရောက်အားပေးသည်။



အခမ်းအနားသို့ ဂုဏ်ထူးဆောင်နာယကများဖြစ်ကြသည့် ဒေါ်ခင်သက်ဌေး၊ ဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၏ဇနီး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၏ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်နှင့် အဖွဲ့ဝင်များ၏ ဇနီးများ၊ ဥပဒေရေးရာ ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၏ ဇနီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး၊ ဒုတိယဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၏ ဇနီးများ၊ ဝန်ကြီးဌာနအသီးသီးမှ အကြီးအကဲများ၊ ဝန်ထမ်းများ၊ တက္ကသိုလ်များနှင့် အခြေခံပညာကျောင်းများက အုပ်ချုပ်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် အမျိုးသမီးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ နိုင်ငံကျော်အနုပညာရှင်များ၊ အဆိုတော်များ၊ ဒီဇိုင်နာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။




အခမ်းအနားတွင် မြန်မာအမျိုးသမီးများနေ့ တေးသီချင်းအပါအဝင် တေးသီချင်းများ၊ နိုင်ငံကျော် ဒီဇိုင်နာများ ဖန်တီးထားသည့် "တူစုံဆင်နွဲ မင်္ဂလာပွဲ" ခေါင်းစဉ်ဖြင့် ဝတ်စားဆင်ယင်မှု၊ "တည်ငြိမ်လှစွာ ချစ်စရာ ဘယ်ခါမရိုး မြန်မာရင်ဖုံး" ခေါင်းစဉ်ဖြင့် ဝတ်စားဆင်ယင်မှုများ၊ တစ်ခန်းရပ်ပြဇာတ်များနှင့် နိုင်ငံကျော် အဆိုတော်များက တေးသီချင်းများဖြင့် ပါဝင်တင်ဆက် ပြသခဲ့ပါသည်။

ယင်းနောက် အခမ်းအနား ဒုတိယပိုင်း အစီအစဉ်ကို ဆက်လက်ကျင်းပရာ ဖိတ်ကြားထားသော အနုပညာရှင်များက "ခေတ်အမြင် ခေတ်အသွင် ခေတ်သဘင်" အငြိမ့်အပါအဝင် တေးသီချင်းများ၊ ပြဇာတ်များဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

## လူမှုရေးဆိုင်ရာ အသိပညာမြင့်မားရေးသင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပခြင်း




**၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့** **နေပြည်တော်**

လူမှုရေးဆိုင်ရာအသိပညာမြင့်မားရေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို (၅-၇-၂၀၂၃) ရက်နေ့တွင် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနစုပေါင်းခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာ စကားပြောကြားခဲ့ပြီး အဆိုပါ သင်တန်းတွင် လူမှုရေးဆိုင်ရာ တန်ဖိုးနှင့်စံနှုန်းများ၊ လူမှုရေးဆိုင်ရာကျင့်ဝတ်တရား၊ ကျား/မ တန်းတူညီမျှရေးဆိုင်ရာလူမှုရေးစံနှုန်းများ၊ လူ့တန်ဖိုး၊ ဝန်ထမ်းကျင့်ဝတ်

နှင့် စည်းမျဉ်းများ၊ ထိရောက်မှုရှိသော ပူးပေါင်းဆောင်ရွက်မှုနှင့်စပ်လျဉ်းသည့် သင်ခန်းစာတို့ကို ဘာသာရပ်ဆိုင်ရာ ပုဂ္ဂိုလ်များမှ (၂)ရက်တာ ပို့ချသွားမည် ဖြစ်ပါသည်။

## မိုခါဆိုင်ကလုန်းမုန်တိုင်းဘေးသင့်ဒေသများအတွက် လှူဒါန်းမှုများ




**၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့နှင့် ၂၄ ရက်နေ့** **နေပြည်တော်**

မိုခါဆိုင်ကလုန်းမုန်တိုင်း ဘေးသင့်ဒေသများအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနနှင့် မြန်မာသံရုံးများ၊ ပြည်ပရောက် မြန်မာနိုင်ငံသားများ၊ မိတ်ဖက်နိုင်ငံခြား ကုမ္ပဏီများမှ လှူဒါန်းငွေများနှင့် ဆေးဝါးများပေးအပ် လှူဒါန်းခြင်း အခမ်းအနားကို သဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန (DMC)၌ (၇-၇-၂၀၂၃) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ အခမ်းအနားတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဝန်ကြီးဌာနဝန်ထမ်းများနှင့် ပြည်ပရောက် မြန်မာနိုင်ငံသားများမှ လှူဒါန်းသည့် နိုင်ငံခြား ငွေ (၈) မျိုးနှင့် ညီမျှသည့် မြန်မာငွေကျပ် စုစုပေါင်း (၁၃၃,၉၂၈,၁၀၀) နှင့် အိန္ဒိယရူပီး (၁,၁၉၃,၉၈၇.၂၀) နှင့် ညီမျှသည့် မြန်မာကျပ်ငွေ (၂၉,၈၄၉,၆၈၀) တန်ဖိုးရှိ ဆေးဝါးများကိုပေးအပ် လှူဒါန်းခဲ့ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက လက်ခံခဲ့ကာဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ပါသည်။

မိုခါဆိုင်ကလုန်း မုန်တိုင်းသင့်ဒေသများအတွက် မုန်းဝန်းဇမာ တိုင်းရင်းသား ယဉ်ကျေးမှု အဖွဲ့ချုပ်မှ အလှူငွေကျပ် သိန်းတစ်ထောင် လှူဒါန်းခြင်းအခမ်းအနား ကို သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဗဟိုဌာန (DMC) တွင် (၂၄-၇-၂၀၂၃) ရက်နေ့တွင် ကျင်းပရာ

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

မုန်းဝန်းဇမာ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ၊ ဦးသီဟလွင်မှ လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ပြောကြားရာ၌ မိုခါဆိုင်ကလုန်းမုန်တိုင်း ဘေးသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မုန်းဝန်းဇမာ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့ချုပ်က စုပေါင်း၍ ငွေကျပ် (၁၀၀,၀၀၀,၀၀၀ိ/-) လာရောက် လှူဒါန်းခြင်း ဖြစ်ပါကြောင်း၊ မိုခါမုန်တိုင်းသင့် ရခိုင်ပြည်နယ်အတွက် ပြန်ထူထောင်ရေးလုပ်ငန်းများတွင် လိုအပ်သည်များ အသုံးပြုရန် ပါဝင် ကူညီခွင့်ရသည့်အတွက် များစွာဝမ်းမြောက်ပါကြောင်း ပြောကြားခဲ့ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ မုန်းဝန်းဇမာ တိုင်းရင်းသား ယဉ်ကျေးမှု အဖွဲ့ချုပ်မှ လာရောက်လှူဒါန်းမှုသည် ဘေးသင့်ဒေသ ပြည်သူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အထောက်အကူဖြစ်သလို ကာလဒါနလည်း ဖြစ်ပါကြောင်းနှင့် ကျေးဇူးတင်ရှိပါကြောင်းကို ပြောကြားခဲ့ပါသည်။

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်းဖွင့်လှစ်သည့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်း အစီအစဉ် အသုံးပြုနည်း သင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပခြင်း




**၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့** **နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်းဖွင့်လှစ်သည့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်း အစီအစဉ် အသုံးပြုနည်း သင်တန်းဖွင့်ပွဲ အခမ်းအနားကို (၁၀-၇-၂၀၂၃) ရက်နေ့တွင် ဝန်ကြီးဌာန၊ စုပေါင်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ လူမှုဝန်ထမ်း၊

ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကအဖွင့်အမှာစကား ပြောကြားခြင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဌေးအောင်က အမှာစကားပြောကြားခြင်းနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်၏ နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာန၊ တားဆီးကာကွယ်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူးမှ PFP Web Portal အသုံးပြုနည်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် အသုံးပြုနည်းသင်တန်းအား ဘာသာရပ်ဆိုင်ရာပုဂ္ဂိုလ်များမှ (၃)ရက်တာ သင်တန်းပို့ချသွားမည်ဖြစ်ကြောင်းနှင့် နေပြည်တော်ရုံးချုပ်(၃၆)ဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ် (၂၅)ဦး စုစုပေါင်း သင်တန်းသား (၆၁) ဦး တက်ရောက်ခဲ့ကြပါသည်။

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးထံသို့ မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် UNOCHA ၏ ယာယီအကြီးအကဲတို့ လာရောက်တွေ့ဆုံခြင်း



**၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့နှင့် ၂၈ ရက်နေ့ နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ပြည်ထောင်စုဝန်ကြီးထံ မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Vinay Kumar ဦးဆောင်သော အဖွဲ့သည် (၂၀-၇-၂၀၂၃) ရက်နေ့တွင် ဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံခဲ့ရာတွင် မုန်တိုင်းသင့်ဒေသများသို့ နိုင်ငံတကာမှ အကူအညီများ ပေးပို့ရန်အတွက် ပေါင်းစပ်ညှိနှိုင်းမှု လုပ်ငန်းယန္တရားတစ်ရပ် ဖော်ဆောင်ရန်ရှိမှုနှင့် ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော မိုင်းအန္တရာယ်အသိပညာပေးရေး၊ မူးယစ်ဆေးဖြတ်ပြီးသူများနှင့် လူကုန်ကူးခံရသူများအား ပြန်လည်

ထူထောင်ရေးကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ပြည်ထောင်စုဝန်ကြီးထံ ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး (UNOCHA) ၏ ယာယီအကြီးအကဲဖြစ်သူ Ms. Danielle Parry ဦးဆောင်သောအဖွဲ့သည် (၂၈-၇-၂၀၂၃) ရက်နေ့တွင် ဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ လာရောက် တွေ့ဆုံခဲ့ရာတွင် ကုလသမဂ္ဂအဖွဲ့အစည်း (၇) ဖွဲ့နှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်း (၃) ဖွဲ့တို့က နိုင်ငံတော်အစိုးရ၏ ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ်ရှိ မုန်တိုင်းသင့်သူများ အတွက် ကယ်ဆယ်ရေးပစ္စည်းများ ဖြန့်ဝေရေး အသေးစိတ် အစီအစဉ်နှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ ကိစ္စများအား အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပါသည်။

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ (၁၈) ကြိမ်မြောက် ဝန်ကြီးဌာနမိသားစု၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်း အလှူတော်မင်္ဂလာ အခမ်းအနား ကျင်းပခြင်း



**၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့** **နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ (၁၈)ကြိမ်မြောက် ဝန်ကြီးဌာန မိသားစုဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်း အလှူတော် မင်္ဂလာ အခမ်းအနားအား (၃၁-၇-၂၀၂၃) ရက်နေ့တွင် ဝန်ကြီးဌာန၊ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။

အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ခဲ့ပြီး နေပြည်တော်၊ ပျဉ်းမနားမြို့ မဟာဝိသုတာရာမတံခွန်တိုင်ကျောင်းတိုက် ဦးစီးပဓါနနာယက ဆရာတော် မဟာသဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တဝါယမ မထေရ်မြတ်ထံမှ ငါးပါးသီလခံယူ

ဆောက်တည်ခြင်း၊ ဆရာတော် သံဃာတော်အရှင်သူမြတ်များက ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ချီးမြှင့်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးနှင့်မိသားစု၊ ဒုတိယဝန်ကြီးနှင့်ဇနီး၊ အမြဲတမ်းအတွင်းဝန်နှင့်ဇနီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာရှိကြီးများက ဆရာတော်များအား ဝါဆိုသင်္ကန်း၊ လှူဖွယ်ဝတ္ထုများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ပါသည်။

ဆက်လက်၍ နေပြည်တော် ပျဉ်းမနားမြို့ ကိုးခန်းကြီး ကျောင်းတိုက် ဦးစီးပဓါနနာယက ဆရာတော် သာသနာဇောတိကဓဇ ဘဒ္ဒန္တအာစိဏ္ဏ မထေရ်မြတ်က အနုမောဒနာတရားချီးမြှင့်ပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ပါသည်။

## ၂၀၂၂-၂၀၂၃ ခု၊ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် လူမှုဝန်ထမ်းဦးစီးဌာန၊ လူငယ်သင်တန်း ကျောင်းများမှ ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား/သူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပခြင်း

**၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့** **နေပြည်တော်**



၂၀၂၂-၂၀၂၃ ခု၊ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် လူမှုဝန်ထမ်းဦးစီးဌာန၊ လူငယ်သင်တန်းကျောင်းများမှ ထူးချွန်စွာအောင်မြင်ခဲ့သည့်ကျောင်းသား/သူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို(၁၀.၇.၂၀၂၃) ရက်နေ့၊ နေ့လယ် (၁၃:၀၀) နာရီတွင် လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ Virtual ပုံစံဖြင့် ကျင်းပခဲ့ပါသည်။

အဆိုပါ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးများ၊ သက်ဆိုင်ရာ ခရိုင်ဦးစီးမှူးများ၊ လူငယ်သင်တန်းကျောင်း (၁၁) ကျောင်းမှ ကျောင်းအုပ်များ၊ ဆုရကျောင်းသား/သူများ တက်ရောက်ခဲ့ကြပါသည်။

## Gender/ CEDAW/ NSPAW/ UNSCR 1325 အသိပညာပေးသင်တန်း ကျင်းပပြုလုပ်ခြင်း

**၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့** **နေပြည်တော်**



အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့ ပူးပေါင်း၍ Gender/ CEDAW/ NSPAW/ UNSCR 1325 အသိပညာပေးသင်တန်းအား (၁၈.၇.၂၀၂၃) ရက်နေ့၊ နံနက် (၀၉:၀၀) နာရီတွင် နေပြည်တော်ရှိ

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစား လေ့ကျင့်ရေးစခန်း (Goal Camp) ရှိ Multipurpose Hall ၌ ကျင်းပခဲ့ရာ အခမ်းအနားသို့ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယ ဝန်ကြီးများဖြစ်ကြသော ဦးမျိုးလှိုင်၊ ဒေါက်တာစိုးဝင်းနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ဘာသာရပ်ဆိုင်ရာ တာဝန်ရှိသူများ၊သင်တန်းတက်ရောက် မည့် သင်တန်းသား (၃၃) ဦးတို့ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါသင်တန်းတွင် သင်တန်းနည်းပြများနှင့် လူငယ်ရေးရာဦးစီးဌာနများမှ သင်တန်းသား (၃၃) ဦးတို့က မိတ်ဆက်ခဲ့ကြပြီး သင်တန်းဖွင့်ပွဲ အခမ်းအနားအား (၁၀:၀၀) နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။



ဆက်လက်ပြီး သင်ခန်းစာများ ရှင်းလင်းဆွေးနွေး ခြင်း၊ အပြန်အလှန် မေးမြန်းဆွေးနွေးခြင်းများ ဆောင်ရွက် ခဲ့ပြီး ညနေ (၁၈:၄၅) နာရီတွင် သင်တန်းပြီးဆုံးခဲ့ကြောင်း သတင်း ရရှိပါသည်။

## လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်စနစ် (Social Management Information System-SMIS) လက်တွေ့ အသုံးပြုခြင်းဆိုင်ရာ သင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပခြင်း

**၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့** **နေပြည်တော်**



လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လူမှုရေးစီမံ ခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်စနစ် (Social Management Information System-SMIS) လက်တွေ့ အသုံးပြုခြင်းဆိုင်ရာသင်တန်း ဖွင့်ပွဲအခမ်းအနားအား ယနေ့နံနက်(၀၉:၃၀) နာရီအချိန်တွင် မင်္ဂလာသီရိဟိုတယ် ၌ ကျင်းပပြုလုပ်ခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ကာကွယ်ရေးဦးစီးချုပ် ရုံး (ကြည်း)၊ တပ်မတော် (ကြည်း၊ ရေ၊ လေ)၊ သတင်း နည်းပညာဌာနမှ ဌာနမှူး၊ နည်းပညာအရာရှိများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနတာဝန်ခံအရာရှိ များ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြပါ သည်။

အဆိုပါ လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ သတင်း အချက်အလက်စနစ် (Social Management Information System-SMIS) လက်တွေ့အသုံးပြုခြင်း

ဆိုင်ရာသင်တန်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်များက သင်တန်းသား/ သူ (၁၀၉) ဦးဖြင့် (၂၄.၇.၂၀၂၃) ရက်နေ့မှ (၂၉.၇.၂၀၂၃) ရက်နေ့ အထိ (၆) ရက်တာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

## အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) (မူကြမ်း) ရေးဆွဲရေးအတွက် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုင်ရာ လုပ်ငန်းကော်မတီညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခြင်း

**၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့** **နေပြည်တော်**



လူမှုဝန်ထမ်းဦးစီးဌာနမှ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂)(မူကြမ်း)ရေးဆွဲရေးအတွက်အမျိုးသမီးများအပေါ်အကြမ်းဖက်မှုဆိုင်ရာ လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို ၂၀.၇.၂၀၂၃ ရက်နေ့၊ နံနက် (၁၀:၀၀) နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်းဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ အခမ်းအနားသို့ လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စန်းစန်းအေး၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုင်ရာ လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ လူမှုဝန်ထမ်းဦးစီးဌာန၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

အစီအစဉ်အရလူမှုဝန်ထမ်းဦးစီးဌာန၊ညွှန်ကြားရေးမှူးက အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကဏ္ဍ မူဘောင်(မူကြမ်း)အား ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက်လာကြသော လုပ်ငန်းကော်မတီအဖွဲ့ဝင်များက အကြံပြုဆွေးနွေးခဲ့ကြကာ အစည်းအဝေးကို မွန်းလွဲ (၁၃:၀၀) နာရီတွင် ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၃ခုနှစ်၊ဇူလိုင်လအတွင်း သဘာဝဘေးအသိပညာပေးများပြုလုပ်ခြင်း




(၂၈-၆-၂၀၂၃)ရက်နေ့တွင် ပေါင်မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ အ.ထ.က (ကျွဲခြံ) စာသင်ကျောင်း၌ ဆရာ/ ဆရာမနှင့် ကျောင်းသား/ ကျောင်းသူ အင်အား (၁၀၀) ဦးခန့်ဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များနှင့် ဗီနိုင်းပိုစတာများ ဖြန့်ဝေဆောင်ရွက်ခဲ့ပါသည်။




(၃၀-၆-၂၀၂၃) ရက်နေ့တွင် ကသာခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်၊ ဆရာအတတ်ပညာဦးစီးဌာန၊ ကသာပညာရေးဒီဂရီကောလိပ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနတို့နှင့် ပူးပေါင်း၍ ဆရာ/ဆရာမဦးရေ (၃၂၀) ဦးခန့်တို့ဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ပါသည်။




(၈-၇-၂၀၂၃) ရက်နေ့တွင် လပွတ္တာခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ်၊ အမျိုးသမီးအိမ်တွင်းမှုအသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းနှင့် စက်မှုလက်မှု ပညာသင်တန်းကျောင်းတို့မှ သင်တန်းဆရာ/ဆရာမစုစုပေါင်း(၁၅၀)ဦးခန့်တို့ဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များနှင့် ဗီနိုင်းပိုစတာများ ဖြန့်ဝေဆောင်ရွက်ခဲ့ပါသည်။




(၂၄-၇-၂၀၂၃) ရက်နေ့တွင် ကော့သောင်းခရိုင်ဦးစီးမှူးရုံးမှတာဝန်ရှိသူများသည် တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ်၊ အောင်သုခရပ်ကွက်၊ မေတ္တာစိုးကိုယ်ပိုင်ကျောင်း၌ ကျောင်းသား/ ကျောင်းသူ(၁၃၀)ဦးခန့်ဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောခြင်းများနှင့် ဗီနိုင်းပိုစတာများ ဖြန့်ဝေဆောင်ရွက်ခဲ့ပါသည်။




(၂၅-၇-၂၀၂၃) ရက်နေ့တွင် ကော့သောင်းခရိုင်ဦးစီးမှူးရုံးမှတာဝန်ရှိသူများသည် တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ်၊ ဘုရင့်နောင်ရပ်ကွက်၊ အ.လ.က (ခွဲ) ဘုရင့်နောင်ကျောင်း၌ ကျောင်းသား/ကျောင်းသူ(၁၀၀)ဦး

ခန့်ဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောခြင်းများနှင့် ဗီနိုင်းပိုစတာများ ဖြန့်ဝေဆောင်ရွက် ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၃ခုနှစ်၊ဇူလိုင်လအတွင်း မီးဘေးထောက်ပံ့မှုများ




(၂၄-၆-၂၀၂၃) ရက်နေ့တွင် မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့နယ်၊ နန်းခဲရပ်ကွက်၊ နန်းတော်ဦး ဘုန်းကြီးကျောင်းတွင် မီးဘေးဖြစ်ပွားခဲ့မှုကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့သည့် ဘုန်းကြီးကျောင်း (၁) ကျောင်းအတွက် ကျောင်းဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၅၀,၀၀၀/-) နှင့် ပျံလွန်တော်မူသည့် ရဟန်း(၁)ပါးအတွက် သေဆုံး ထောက်ပံ့ငွေကျပ် (၃၀၀,၀၀၀/-)တို့ကို သထုံခရိုင် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၂၆-၆-၂၀၂၃) ရက်နေ့ တွင် သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၂၇-၆-၂၀၂၃) ရက်နေ့တွင် ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ် (၆) ရပ်ကွက်၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် တစ်စိတ်တစ်ပိုင်းပျက်စီးလူနေအိမ်(၁)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၅၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၄) ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၈,၄၀၀/-) တို့ကို (၁၃-၇-၂၀၂၃) ရက်နေ့တွင် ဘားအံခရိုင်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။

(၂၉-၆-၂၀၂၃)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ မတ္တရာမြို့နယ်၊ လမိုင်းကျေးရွာ အုပ်စု၊ ဘိုကုန်းကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝ ပျက်စီးလူနေအိမ် (၁) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ်(၂၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၉)ဦး အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၁၈,၉၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း(၁၈)မျိုးတို့ကို (၃-၇-၂၀၂၃) ရက်နေ့ တွင် မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။



(၁-၇-၂၀၂၃) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၊ တည်ပင်တဲ ကျေးရွာအုပ်စု၊ တည်ပင်တဲကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှု

ကြောင့် လုံးဝပျက်စီး လူနေအိမ် (၁) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၁၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၃)ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၆,၃၀၀)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၇) မျိုးတို့ကို (၃-၇-၂၀၂၃) ရက်နေ့တွင် ညောင်ဦးခရိုင်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။

(၃-၇-၂၀၂၃) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ အိုးတော်ရပ်ကွက်၌ မီးဘေး ဖြစ်ပွားခဲ့မှုကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီး လူနေအိမ် (၁) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၅၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၄) ဦး အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၈,၄၀၀/-) တို့ကို (၅-၇-၂၀၂၃) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး ဦးစီးမှူး ရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၆-၇-၂၀၂၃) ရက်နေ့တွင် ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ အမှတ် (၆) ရပ်ကွက်၊ အောင်မြေသာ ရပ်၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီးလူနေအိမ် (၁) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၁၀၀,၀၀၀/-)နှင့် ဘေးသင့်လူဦးရေ (၂) ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ်(၄,၂၀၀)နှင့် ကယ်ဆယ်ရေး ပစ္စည်း(၁၆) မျိုးတို့ကို (၇-၇-၂၀၂၃) ရက်နေ့တွင် ညောင်ဦး ခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၃-၇-၂၀၂၃)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ မင်းစုရပ်ကွက်၌ မီးဘေး ဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီးလူနေအိမ်(၃)လုံး အတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၃၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၈) ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ ငွေကျပ် (၁၆,၈၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၇)မျိုး တို့ကို (၁၅-၇-၂၀၂၃) ရက်နေ့တွင် တောင်သာမြို့နယ် ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၂၀-၇-၂၀၂၃)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ် ရပ်ကွက်၊ အကွက်အမှတ် (အောင်မင်္ဂလာ) ၌ မီးဘေး ဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီးလူနေအိမ်(၅)လုံး အတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၉၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၄၇)ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ ငွေကျပ် (၉၈,၇၀၀/-)နှင့် ကယ်ဆယ် ရေးပစ္စည်း (၁၈) မျိုး တို့ကို (၂၁-၇-၂၀၂၃) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။

(၂၂-၇-၂၀၂၃)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်၊ မိုးကုတ်မြို့နယ်၊ ရှောလီဝိုင်းရပ်ကွက်၊ အောင်ချမ်းသာရပ်၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝ ပျက်စီးလူနေအိမ် (၁) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ်(၂၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၅) ဦး

အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၁၀,၅၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း(၁၆)မျိုးတို့ကို (၂၄-၇-၂၀၂၃)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၃ခုနှစ်၊ဇူလိုင်လအတွင်း ရေဘေးထောက်ပံ့မှုများ



(၃-၇-၂၀၂၃) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်၊ မိုးကုတ်မြို့နယ် အတွင်းရှိ သဒ္ဒတ်လျှိုကျေးရွာအုပ်စုနှင့်ဟိုဝိတ်ကျေးရွာအုပ်စုတို့တွင်မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးမှုဖြစ်ပွားကာ လုံးဝပျက်စီးလူနေအိမ် (၁) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ်(၂၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၁၁)ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၂၃,၁၀၀)နှင့် ကယ်ဆယ်ရေးပစ္စည်း(၁၆)မျိုးတို့ကို (၄-၇-၂၀၂၃) ရက်နေ့တွင် ပြင်ဦးလွင်ခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၂၀-၇-၂၀၂၃) ရက်နေ့တွင် ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ဇမိမြစ်ရေသည် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးမှုဖြစ်ပွားကာ ဘေးသင့်လူဦးရေ (၁၇၇)ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၃၇၁,၇၀၀)နှင့် ကယ်ဆယ်ရေးပစ္စည်းတို့ကို (၂၁-၇-၂၀၂၃) ရက်နေ့တွင် ကြာအင်းဆိပ်ကြီးမြို့နယ် ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၃ခုနှစ်၊ဇူလိုင်လအတွင်း လေဘေးထောက်ပံ့မှုများ




(၁၃-၇-၂၀၂၃)ရက်နေ့တွင်ရှေ၀တီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ နယ်မြေ (၅) ၌ လေဘေးဖြစ်ပွားမှုကြောင့်ပျက်စီးလူနေအိမ်(၁)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၂၀၀,၀၀၀/-)၊ ဘေးသင့် လူဦးရေ (၇) ဦးတို့အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၁၄,၇၀၀/-) နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၇)မျိုးတို့ကို (၁၅-၇-၂၀၂၃)ရက်နေ့တွင် ရေကြည်မြို့နယ်

ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၈-၇-၂၀၂၃)ရက်နေ့တွင်တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကလွင်ကျေးရွာအုပ်စု ရွာတောဝ ရပ်၊ နဂါးရာဇ်တောင်လမ်း၌ လေပြင်းတိုက်ခတ်ခြင်းကြောင့် အုန်းပင်လဲကျ၍ လူ (၁)ဦး အုန်းပင်ပိကာ သေဆုံးခဲ့ပါသဖြင့် သေဆုံးသူ(၁) ဦးအတွက် ထောက်ပံ့ငွေကျပ် (၃၀၀,၀၀၀/-) ကို (၁၉-၇-၂၀၂၃) ရက်နေ့တွင် မြိတ်ခရိုင် ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၈-၇-၂၀၂၃)ရက်နေ့တွင်တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ စန္ဒဝတ်ကျေးရွာအုပ်စု၊ စန္ဒဝတ် ဘုန်းကြီးကျောင်း အနောက်လမ်း၌ လေဘေးဖြစ်ပွားခြင်းကြောင့် လုံးဝပျက်စီး လူနေအိမ် (၁) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၁၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၄)ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၈,၄၀၀/-)နှင့် ကယ်ဆယ်ရေး ပစ္စည်း (၁၈) မျိုးတို့ကို (၁၉-၇-၂၀၂၃) ရက်နေ့တွင် မြိတ်ခရိုင်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။



(၉-၇-၂၀၂၃) ရက်နေ့တွင် ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ အမှတ်(၃) ရပ်ကွက်၊ ဗန္ဓုလလမ်း၌ လေဘေး ဖြစ်ပွားမှုကြောင့် လုံးဝပျက်စီးလူနေအိမ် (၁) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၂၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၅) ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၁၀,၅၀၀/-)နှင့် ကယ်ဆယ်ရေး ပစ္စည်း (၁၇) မျိုးတို့ကို (၁၃-၇-၂၀၂၃) ရက်နေ့တွင် မြဝတီခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၃ခုနှစ်၊ဇူလိုင်လအတွင်း မိုးကြိုးဘေးထောက်ပံ့မှုများ

(၂၈-၆-၂၀၂၃)ရက်နေ့တွင်ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့၊ ကိုင်းဝိုင်းကျေးရွာအုပ်စု၊ မြွေဟောက်ကျေးရွာ၌ မိုးကြိုးထိမှန်၍ လူ (၁) ဦးသေဆုံးကာ သေဆုံး ထောက်ပံ့ငွေကျပ် (၃၀၀,၀၀၀/-) တို့ကို (၃၀-၆-၂၀၂၃) ရက်နေ့တွင် ရေကြည်မြို့နယ်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။




(၃၀-၆-၂၀၂၃)ရက်နေ့တွင်ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ ဝါးခယ်မမြို့နယ်၊ ကွမ်းသီးချောင်းကျေးရွာအုပ်စု၊ ကွမ်းသီးချောင်းကြီးအဝကျေးရွာ၌ မိုးကြိုးထိမှန်၍ လူ(၂)ဦးသေဆုံးကာသေဆုံးထောက်ပံ့ငွေကျပ် (၆၀၀,၀၀၀/-) တို့ကို (၁-၇-၂၀၂၃) ရက်နေ့တွင် မြောင်းမြခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၃ခုနှစ်၊ဇူလိုင်လအတွင်း ကမ်းပြိုဘေးထောက်ပံ့မှုများ

(၂၅-၆-၂၀၂၃)ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့၊ သောင်းကြီးအုပ်စု၊ သောင်းကြီးကျေးရွာ၌ ကမ်းပြိုဘေး အန္တရာယ်ကြောင့် ကြိုတင်ဖျက်သိမ်း နေအိမ် (၂) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ (၂၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၁၀) ဦးတို့အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၂၁,၀၀၀/-) တို့ကို (၂၇-၆-၂၀၂၃) ရက်နေ့တွင် ရေကြည်မြို့နယ် ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။




(၂၈-၆-၂၀၂၃)ရက်နေ့တွင်ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့၊ သောင်းကြီးအုပ်စု၊ သောင်းကြီးကျေးရွာ၌ ကမ်းပြိုဘေး အန္တရာယ်ကြောင့် ကြိုတင်ဖျက်သိမ်း နေအိမ် (၂) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ (၂၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၁၂) ဦးတို့အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၂၅,၂၀၀/-) တို့ကို (၃-၇-၂၀၂၃) ရက်နေ့တွင် ရေကြည်မြို့နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၃-၇-၂၀၂၃)ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ ရွှေလှေသောင်ကျေးရွာအုပ်စု၊ လက်ပံကျွန်းကျေးရွာ၌ ကြိုတင်ဖျက်သိမ်းနေအိမ် (၃) လုံး အတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ (၃၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၁၄) ဦးတို့ အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၂၉,၄၀၀/-) တို့ကို (၁၄-၇-၂၀၂၃) ရက်နေ့တွင် ရေကြည်မြို့နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၃ခုနှစ်၊ဇူလိုင်လအတွင်း မြေပြိုဘေးထောက်ပံ့မှုများ



(၁၉-၇-၂၀၂၃)ရက်နေ့တွင် မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ညောင်ပင်လမ်းကျေးရွာအုပ်စု၊ အကွက်အမှတ်(၈)၌ မိုးသည်းထန်စွာရွာသွန်းပြီး တောင်ပေါ်မြေပြိုကျမှုကြောင့် ကြိုတင် ပြောင်းရွှေ့လူနေအိမ်(၇)လုံးမှ ဘေးသင့်လူဦးရေ (၂၈) ဦးတို့အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၅၈,၈၀၀/-) တို့ကို (၂၀-၇-၂၀၂၃) ရက်နေ့တွင် ချောင်းဆုံမြို့နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၃ခုနှစ်၊ဇူလိုင်လအတွင်း ထူးခြားဖြစ်စဉ်အတွက်ထောက်ပံ့မှုများ

(၂၀-၆-၂၀၂၃) ရက်နေ့တွင် ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့နယ်၊ မဲကနယ်ကျေးရွာအုပ်စု၊ ပွင့်လင်းအေးမြိုင်ကျေးရွာနှင့် တုံးတံတားကျေးရွာတို့တွင် တောရဘုန်းကြီးကျောင်းသို့ ရောက်ရှိလာသည့် တိုက်ပွဲရှောင်အိမ်ထောင်စုများမှ လူဦးရေ (၆၄) ဦးတို့အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၁၃၄,၄၀၀/-) နှင့် သွားတိုက်တံ၊ သွားတိုက်ဆေး(၁၅)စုံတို့အား (၁၃-၇-၂၀၂၃) ရက်နေ့တွင် မြဝတီခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



## မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (မြစ်ကြီးနား) တွင် ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်း (၁/၂၀၂၃) ဖွင့်ပွဲအခမ်းအနားကျင်းပခြင်း

**၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့** **မြစ်ကြီးနားမြို့**

ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်၊ မိုင်းနားအုပ်စု၊ လဝမ်ကထောင်ကျေးရွာ၊ ဂါလိလဲအိုင် လူငယ်ပြုစုပျိုးထောင်ရေး လူမှုအသင်းသင်တန်းကျောင်း၌ (၁၇-၇-၂၀၂၃) ရက်နေ့တွင် ကျင်းပပြုလုပ်သော စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူး သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး ဦးဝင်းရဲထွန်းက အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် လူမှုရေးရာဝန်ကြီး၊



ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ သင်တန်းနည်းပြ ဆရာ/ဆရာမများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဘာသာရေး အဖွဲ့အစည်းများနှင့် သင်တန်းသားများ စုစုပေါင်း (၇၀)ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

## မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများမှတ်ပုံတင်ခြင်းသင်တန်း

**၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့နှင့် ၂၁ ရက်နေ့** **နေပြည်တော်**

မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းသင်တန်းအား နေပြည်တော်ကောင်စီနယ်မြေ၊ ဥတ္တရသီရိမြို့နယ်တွင် (၂၀-၇-၂၀၂၃)မှ(၂၁-၇-၂၀၂၃) ရက်နေ့ အထိ ဥတ္တရသီရိမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ အစည်းအဝေးခန်းမတွင် သင်တန်းသား (၉၁) ဦးဖြင့် ဖွင့်လှစ်ခဲ့ပါသည်။



## မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (ရန်ကုန်) တွင် စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူးသင်တန်း ဖွင့်ပွဲအခမ်းအနား ကျင်းပခြင်း

**၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့** **ရန်ကုန်တိုင်းဒေသကြီး**



ရန်ကုန်တိုင်းဒေသကြီး၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(ရန်ကုန်)၌ (၂၄-၇-၂၀၂၃) ရက်နေ့တွင် စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူး သင်တန်း ဖွင့်ပွဲအခမ်းအနားကို ကျင်းပခဲ့ရာ ဌာနဆိုင်ရာမှ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အရပ်ဖက် မိတ်ဖက်မှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့နှင့် သတင်းမီဒီယာများ၊ သင်တန်းနည်းပြများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ စုစုပေါင်း(၄၅)ဦးခန့် တက်ရောက်ခဲ့ကြပါသည်။